
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

## ရှောလမုန်သည် ဉာဏ်ပညာကိုတောင်းသည် 4.11

## ဓမ္မရာဇဝင်တတိယစောင် ၂ နှင့် ၃

ဒါဝိဒ်ဟာ ဘုရင်နှစ်ပေါင်းများစွာဖြစ်ခဲ့တယ်။ သူဟာ ယုဒလူမျိုး (ဣသရေလရဲ့အစိတ်အပိုင်း) ကို ခုနှစ်နှစ်တိုင် အုပ်ချုပ်ခဲ့တယ်။ နောက် တော့ ဣသရေလတစ်ပြည်လုံးကို သုံးဆယ်သုံးနှစ်တိုင် အုပ်ချုပ်ခဲ့တယ်။ ဒါဝိဒ်ဟာ အမှားများစွာကိုပြုလုပ်ခဲ့တယ်။ သူဟာ အကြိမ်ရေ တော်တော်များများ ဘုရားသခင်ကို နာခံမှုမရှိခဲ့ဘူး။ ဒါပေမယ့် ဘုရားသခင်က ဒါဝိဒ်ရဲ့နှလုံးသားကိုသိတယ်။ ဒါဝိဒ်အပြစ်လုပ်တဲ့အခါ ကိုယ်တော်သိတယ်။ ဘုရားသခင်က ဒါဝိဒ်ဟာ သူ့အပြစ်တွေအတွက် နောင်တရတဲ့အချိန်ကိုလည်း သိတယ်။

ဒါဝိဒ်ဟာအရမ်းအိုမင်းလာတော့ သူဟာ သေမယ့်အချိန်နီးပြီလို့ သူသိတယ်။ သူ့သား ရှောလမုန်ဟာ ဣသရေလရဲ့ ဘုရင်ဖြစ်လာတော့ မှာဖြစ်တယ်။ သူ့ရဲ့နောက်ဆုံးနေ့ရက်တွေမှာ ဒါဝိဒ်ဟာ သူ့သားကို ပြောစရာရှိတာတွေသူပြောခဲ့တယ်။ သူက ရှောလမုန်ကို “သတ္တိရှိပါ။ ရဲရင့်ပါ။ ဘုရားသခင်စကားကိုနားထောင်ပြီးသူပြောတာကို နားထောင်ပါ။ သင့်အသက်တာဘယ်လိုရှင်သန်ရမယ်ဆိုတာကို ဘုရားသခင် ပြသလိမ့်မယ်။ သူပြသတဲ့အလမ်းအတိုင်းလိုက်နာပါ။ ပြောတဲ့အတိုင်းလိုက်နာရင် သင်လုပ်လေရာရာနဲ့သွားလေရာရာမှာ အောင်မြင် လိမ့်မယ်။ ဘုရားသခင်က ငါ့သားတွေဟာ ဘုရားသခင်ကို သူတို့ရဲ့စိတ်နှလုံးအကြွင်းမဲ့ သစ္စာရှိရှိလျှောက်လှမ်းကြမယ်ဆိုရင် ငါတို့ရဲ့ မိသားစုထဲမှာ ဣသရေလရှင်ဘုရင်နောက်တစ်ယောက် ထပ်ရှိလိမ့်မယ်လို့ ကတိပေးခဲ့တယ်။”

ဒါဝိဒ်ဟာ ရှောလမုန်ကို သူ့ရဲ့ရန်သူတွေ၊ သူငယ်ချင်းတွေနဲ့ ပတ်သက်တဲ့ ဆုံးမသွန်သင်မှုအနည်းငယ်ပေးခဲ့တယ်။ နောက်တော့ ဒါဝိဒ် သေဆုံးသွားတယ်။ ရှောလမုန်ဟာ ဘုရင်ဖြစ်လာပြီး သူ့အဖေရဲ့ရာဇပလ္လင်ပေါ်မှာ ထိုင်တယ်။

ရှောလမုန်ရဲ့အလုပ်အများကြီးထဲကတစ်ခုဟာ ထာဝရအရှင်ဘုရားသခင်ကို လူတွေ ဝတ်ပြုကိုးကွယ်လို့ရမယ့်အိမ်တော်ကို ဆောက် လုပ်ခြင်းဖြစ်တယ်။ မြို့ထဲကလူတွေဟာဆိုရင် သူတို့ရဲ့ဝတ်ပြုကိုးကွယ်မှုမှာ နာခံခြင်းမရှိကြဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင် ကိုကိုးကွယ်လို့ရမယ့်အိမ်တော်မရှိတဲ့အတွက်ကြောင့် လူတွေဟာ တစ်ခြားနည်းလမ်းတွေနဲ့ကိုးကွယ်ကြတယ်။ ရှောလမုန်ဟာ ဒါဝိဒ်ရဲ့ ဆုံးမသွန်သင်မှုများထဲက ဘုရားသခင်ကိုချစ်ပြီး ကောင်းတဲ့အသက်တာရှင်သန်ဖို့ကို လိုက်နာခဲ့ပေမယ့် ဘုရားသခင်ရဲ့စိတ်တော်နဲ့ မတွေ့တဲ့တစ်ခြားနေရာတွေမှာလည်း ဝတ်ပြုကိုးကွယ်မှုပြုခဲ့တယ်။ တစ်ညမှာ၊ ဘုရားသခင်က ရှောလမုန်ရဲ့အိပ်မက်ထဲမှာ ထင်ရှားခဲ့ တယ်။ ဘုရားသခင်က ရှောလမုန်ကို “သင်လိုချင်တဲ့အရာကိုပြောပါ၊ သင့်ကိုငါပေးမယ်” လို့ပြောတယ်။

ရှောလမုန်က “ကိုယ်တော်၏ကျွန် အကျွန်ုပ်၏အဘ ဒါဝိဒ်သည် ရှေ့တော်၌ သဘောဖြောင့်၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရား အတိုင်းကျင့်သည်နှင့်အညီ၊ သူ၌များစွာသော ကျေးဇူးကို ပြုတော်မူပြီ။ ယနေ့တွင်ရှိသည်အတိုင်း၊ သူ၏ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သားကို သူ့အားပေးသနားတော်မူသဖြင့်၊ သူ့အဘိုးကျေးဇူးတရားကို စောင့်ရှောက်တော်မူပြီ။ ယခုမှာ အကျွန်ုပ်၏ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်ကျွန်ကို အဘဒါဝိဒ်၏ကိုယ်စား ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူပြီ။ သို့ရာတွင် အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏။ ထွက်ဝင်ခြင်းငှာ မတတ်နိုင်ပါ။ ရွေးချယ်တော်မူ၍ အရေအတွက်အားဖြင့် အတိုင်းမသိ များပြားစွာသောကိုယ်တော်၏ လူမျိုးကြီး အလယ်၌ ကိုယ်တော်ကျွန်ရှိပါ၏။ သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် ကိုယ်တော်၏လူတို့ကို တရားစီရင်နိုင်မည်အကြောင်း ကောင်း မကောင်းကို ပိုင်းခြား၍ သိတတ်သောဉာဏ်ကို ပေးသနားတော်မူပါ။ ဤမျှလောက်များစွာသော ကိုယ်တော်၏လူတို့ကိုအဘယ်သူသည် ကိုယ်အလိုအလျောက်တရားစီရင်နိုင်ပါမည်နည်းဟု တောင်းလျှောက်၏။” လို့ပြန်ဖြေတယ်။

ဘုရားသခင်က ရှောလမုန်ကိုနှစ်သက်တော်မူတယ်။ ဘုရားသခင်က “သင်သည်တာရှည်သောအသက်ကိုမတောင်း၊ စည်းစိမ်ကိုလည်း မတောင်း၊ ရန်သူတို့၏အသက်ကိုလည်းမတောင်း၊ တရားစီရင်ခြင်းငှာ တတ်နိုင်သောဉာဏ်ကိုသာ ကိုယ်အဘို့တောင်းလျှောက်သော ကြောင့် သင်တောင်းလျှောက်သည်အတိုင်း ငါပေး၏။ ဉာဏ်ပညာနှင့် ပြည့်စုံသော စိတ်ဝိညာဉ်ကို သင့်အားငါပေး၏။ သင်မတောင်း သော ဆု၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်အသရေကို ငါပေး၏။ သင့်အဘဒါဝိဒ်ကျင့်သည့်အတိုင်း ငါ့လမ်းသို့လိုက်၍ ငါစီရင်ချက် ပညတ်တရားတို့ကို စောင့်ရှောက်လျှင်၊ တာရှည်သောအသက်ကိုလည်း ငါပေးမည်ဟု မိန့်တော်မူ၏။” လို့ ဆိုတယ်။

နောက်တော့ ရှောလမုန်ဟာ နိုးမှ ဒါဟာ အိပ်မက်မှန်းသိတယ်။ သူဟာ ဘုရားသခင်ကသူ့ကိုအမှန်တကယ်စကားပြောမှန်း သိတယ်။

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

# ရှောလမုန်သည် ဉာဏ်ပညာကိုတောင်းသည် - ဆရာလမ်းညွှန် 4.11

## ဓမ္မရာဇဝင်တတိယစောင် ၂ နှင့် ၃

### အဓိကအချက်များ

1) ဒါဝိဒ်က ဣသရေလကို နှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့တယ်။ အခုသူကအလွန်အိုပြီဆိုတော့ သေတဲ့အချိန်လည်းရောက်ပြီ။ သူ့သား ရှောလမုန်ကို သူ့ရဲ့နောက်ဆုံးအချိန်မှာ မှာကြားခဲ့တယ်။ ရှောလမုန်ဟာ မကြာခင်မှာဘဲ ဘုရင်ဖြစ်တော့မယ်။ ဒါဝိဒ်က ရှောလ မုန်ကို ဘုရားသခင်စကားနားထောင်ဖို့နဲ့ သူဘာလုပ်ရမယ်ဆိုတာ သိလိမ့်မယ်ဆိုတဲ့အကြောင်း ပြောခဲ့တယ်။ သူက သူ့သားကို သတ္တိရှိဖို့နဲ့ရဲရင့်ဖို့ ပြောခဲ့တယ်။

2) ရှောလမုန်ဟာ အိမ်တော်ဆောက်ဖို့ အလုပ်တာဝန်ရှိတယ်။ လူတွေဟာ ဘုရားကိုဝတ်ပြုကိုးကွယ်ဖို့ နေရာတစ်နေရာလိုအပ်တယ်။ သူတို့ဟာ ဘုရားမကြိုက်နှစ်သက်တဲ့နည်းလမ်းတွေနဲ့ ဘုရားကို ကိုးကွယ်ကြတယ်။ ရှောလမုန်တောင် ဘုရားသခင်ကြိုက်နှစ်သက်တဲ့နည်းလမ်းအတိုင်း အမြဲ မဝတ်ပြုကိုးကွယ်နိုင်ခဲ့ဘူး။

3) ဘုရားသခင်က ရှောလမုန်ကို တစ်ညမှာ အိပ်မက်ကတစ်ဆင့်စကားပြောခဲ့တယ်။ ရှောလမုန်အလိုချင်ဆုံးအရာကို မေးခဲ့တယ်။ ရှောလမုန်က ပြည်တော်မှာရှိတဲ့ ဘုရားသခင်ရဲ့လူမျိုးတော်တွေကို အုပ်ချုပ်ဖို့ခက်ခဲတယ်လို့ ဘုရားသခင်ကို ပြောတယ်။ လူတွေအများကြီးရှိတယ်။ ရှောလမုန်က လူတွေကို ကောင်းကောင်းအုပ်ချုပ်ချင်တယ်။ ဘုရားသခင်ရဲ့စိတ်နှလုံးသားလို လူတွေကို ဦးဆောင်နိုင်ဖို့ နှလုံးသားကို ရှောလမုန်တောင်းတယ်။ သူက ဉာဏ်ပညာကိုတောင်းတယ်။

4) ဘုရားသခင်က ရှောလမုန်တောင်းတာကို နှစ်သက်တယ်။ ဘုရားသခင်က ရှောလမုန်ကို အဖြေပေးပြီး ရှောလမုန်တောင်းလျှောက်တာကို ပေးမယ်လို့ပြောတယ်။ ဒါပေမယ့် ဘုရားသခင်က သူ့ကို စည်းစိမ်ဥစ္စာကြွယ်ဝမှုတွေ၊ လူတွေနဲ့မျက်နှာသာရတာတွေကို လည်း ကောင်းကြီးပေးတယ်။ သူ့ရဲ့အဖေဒါဝိဒ်က ဘုရားသခင်ကို အစေခံခဲ့သလို ရှောလမုန်က ခြေရာခံလိုက်လျှောက်နိုင်တယ်ဆို ရင်၊ သူ့ကို ရှည်တဲ့အသက်နဲ့ကောင်းကြီးပေးမှာဖြစ်တယ်။

### မေးခွန်းများ

1) ဣသရေလရဲ့ရှင်ဘုရင်အဖြစ် ရှင်ဘုရင်ဒါဝိဒ်ရဲ့နေရာမှာ ဘယ်သူက ယူမှာလဲ?
2) ရှင်ဘုရင်တစ်ယောက်အနေနဲ့ ရှောလမုန်လုပ်ရမယ့်အရေးကြီးတဲ့အလုပ်တာဝန်က ဘာလဲ?
3) ဘုရားသခင်က အိပ်မက်ထဲမှာ ရှောလမုန်ကို ဘာအလိုချင်ဆုံးလဲလို့မေးခဲ့တယ်။ ဘာတောင်းခဲ့လဲ?
4) ဘုရားသခင်က ရှောလမုန်ကို ဉာဏ်ပညာအပြင် ဘာပေးခဲ့လဲ?

### အဖြေများ

1) ဣသရေလရဲ့နောက်ရှင်ဘုရင်အဖြစ်နေရာယူမှာက ရှင်ဘုရင်ဒါဝိဒ်ရဲ့သား ရှောလမုန်ပဲဖြစ်တယ်။
2) ရှောလမုန်လုပ်ရမယ့်အရေးကြီးတဲ့အလုပ်တာဝန်က လူတွေဘုရားသခင်ကို ဝတ်ပြုကိုးကွယ်နိုင်ဖို့ အိမ်တော်ဆောက်ဖို့ဖြစ်တယ်။
3) ရှောလမုန်က ဣသရေလလူတွေကို ဦးဆောင်ဖို့ ဉာဏ်ပညာကို ဘုရားသခင်ဆီမှာ တောင်းတယ်။
4) ဘုရားသခင်က ရှောလမုန်ကို စည်းစိမ်ဥစ္စာကြွယ်ဝမှုတွေ၊ ဣသရေလလူတွေနဲ့မျက်နှာသာရတာတွေကို ပေးခဲ့တယ်။



Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org